# First Myanmar Investment Company Limited

(a public company)



WORKING

TOGETHER

FOR YOUR

FUTURE

2003-2004 Annual Report

# CONTENTS


- MISSION STATEMENT ........ 2
- OUR CORE VALUES ........ 3
- CHAIRMAN'S MESSAGE ........ 4
- MANAGING AGENT'S REPORT ........ 6

REVIEW OF OPERATIONS

- YOMA BANK LIMITED ........ 12
- FMI GARDEN DEVELOPMENT LIMITED ........ 14
- FMI SYNDICATION LIMITED ........ 16
- SHINE PROFESSIONAL DRY CLEAN & LAUNDRY SERVICES ........ 18
- SPA MOTORS ........ 19
- SPA MOTORCYCLE LIMITED ........ 20
- MYANMAR NISSAN COMPANY LIMITED ........ 21
- MYANMAR SUZUKI MOTOR COMPANY LIMITED ........ 21
- WOOD TECHNOLOGY INDUSTRIES LIMITED ........ 22
- PUN HLAING INTERNATIONAL HOSPITAL LIMITED ........ 24
- MYANMAR V-PILE COMPANY LIMITED ........ 26
- MANDALAY CEMENT INDUSTRIES COMPANY LIMITED ........ 28
- SPA ELEVATORS ........ 29

FINANCIAL SECTION

- REPORT OF THE DIRECTORS ........ 32
- AUDITOR'S REPORT ........ 33
- BALANCE SHEET 2003-2004 ........ 34
- PROFIT & LOSS STATEMENT ........ 35
- STATEMENT OF CHANGES IN EQUITY ........ 36
- CASH FLOW STATEMENT ........ 37
- NOTES TO THE FINANCIAL STATEMENTS ........ 38

CORPORATE SECTION ........ 44




## Our Mission Statement

We are an energetic group of professionals totally committed to constantly improving the Quality of our business performance through the practice of our Seven Focuses. We will continue to pursue and achieve our company's goals through a shared vision that will benefit all.

## Our Customers:

We will provide customer satisfaction through the delivery of our SPA Star Quality Service that is consistent, fair and sincere. We shall never forget that the "Customer" is the reason we exist and that only with service that comes from the heart can we expect more customers tomorrow.

## Our Shareholders:

The motivation of our work will be focused on maximising the returns for our shareholders. We value the trust that our shareholders have placed with us and we shall return their confidence with profits, earned with integrity, customer satisfaction and intelligent business skills.

## Our Community:

We care for our environment and for the community we work in. Due consideration will always be given to safe guarding our environment, saving our natural resources and providing benefits and assistance to the community in which we work in.

## Our Employees:

People will always be a vital resource in our organisation. Our employees will always be treated fairly and with respect. We consider Training and Human Resource Development as part of our company's goals and we shall try to develop staff to their highest potential to help them develop themselves to be more effective, productive and professional within the company.

# Our Core Values



The 7 Focus

- Customer Focus
- Quality Focus
- Learning Focus
- Teamwork Focus
- Loyalty Focus
- Innovative Focus
- Accountability Focus

# Chairman's Message



U Hla Kyi

It is indeed my pleasure to send greetings out to all shareholders after an eventful, hardworking year. On review of our performance for fiscal year 2003-2004, we are proud to see that FMI Company has successfully overcome the many challenges over the past year.

Notwithstanding the unfavourable economic conditions, most of the entities in which FMI invested have shown an impressive performance and generated satisfactory returns for the year. Entities such as FMI Garden Development, SPA Motorcycle and FMI Syndication made major contributions as well as Yoma Bank, Wood Technology Industries, Myanmar V-Pile and SPA Motors all contributed to our profits for the year.

As a result, we are able to maintain an income figure well above a billion Kyats mark.

These achievements are attributable to the collective support shown by our Managing Agent together with all our managers and staff through their hard work, devotion and commitment to our 7-Focus Core Values. It is also attributable to the continued support of our shareholders, our Board of Advisors and Directors.

On behalf of the Board of Directors, I would like to thank our Managing Agent, Serge Pun & Associates (Myanmar) Limited, the managers and staff of all our investment entities, as well as to all those who have actively contributed to the success of our company.

As we forge ahead the coming year, despite the uncertainties and awaiting challenges, we are confident that FMI will continue to excel and take on more developments which are already in the pipeline. Thus, I look forward to our shareholders adopting your Board's proposed dividend payment of Ks. 1,000 per share and the issuance of "One for One" bonus share at the Annual General Meeting.

On behalf of the Board of Directors

Hla Kyi
Chairman



# ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်အမှာစကား



ယခုနှစ်မှာအရေးကြီးသော အဖြစ်အပျက်များကို ကြိုးစားလုပ်ဆောင် လိုက်ရပြီးချိန်၌ အစုရှယ်ယာရှင်များအား နှုတ်ခွန်းဆက်သရခြင်းအတွက် ကျွန်တော် တကယ်ပင် အားရကျေနပ်မိပါသည်။ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ရာ၌ FMI ကုမ္ပဏီအနေဖြင့် များစွာသော စိန်ခေါ်မှုများအား အောင်မြင်ကျော်လွှားနိုင်ခဲ့သည်ကို တွေ့မြင်ရသည့် အတွက် ကျွန်တော်တို့အဖို့ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ခက်ခဲသည့်စီးပွားရေး အခြေအနေကြားမှာပင် ကျွန်တော်တို့ FMI ကုမ္ပဏီက ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းခွဲအများစုသည် အားရဖွယ်ရာ စွမ်းဆောင်ခဲ့ကြပြီး ယခုနှစ်အတွက် ကျေနပ်ဖွယ်ရာ အကျိုးရလဒ်များကို ရရှိခဲ့ကြပါသည်။ ယခုနှစ်တွင် FMI Co., Ltd. ၏လုပ်ငန်းခွဲများဖြစ်သော FMI Garden Development ၊ SPA Motorcycle နှင့် FMI Syndication တို့ထံမှ ဝင်ငွေအဓိကရရှိခဲ့ပြီး၊ Yoma Bank ၊ Wood Technology Industries ၊ Myanmar V-Pile နှင့် SPA Motors တို့သည်လည်း အမြတ်ငွေ ခွဲဝေပေးနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် FMI Co., Ltd. အနေနှင့် ကျပ်သန်း ၁,၀၀၀ ထက်ကျော်လွန်သော ဝင်ငွေကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ဤအောင်မြင်မှုများသည် ကျွန်တော်တို့၏ Managing Agent နှင့်တကွ မန်နေဂျာများ၊ ဝန်ထမ်းများ၏ ကြိုးပမ်းလုပ်ဆောင်မှု၊ လုပ်ငန်းအပေါ် အာရုံစူးစိုက်မြှုပ်နှံမှုနှင့် ကုမ္ပဏီ၏ ယုံကြည်ချက် ၇–ချက် (7 Focus Core Values) အပေါ် တာဝန်ယူ လိုက်နာမှုများကြောင့်ဖြစ်ပါသည်။ ထို့အပြင် အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့နှင့် အကြံပေးအဖွဲ့ဝင်များ၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုကြောင့်လည်း ဖြစ်ပါသည်။

ကျွန်တော်တို့ရဲ့ Managing Agent ဖြစ်တဲ့ Serge Pun & Associates (Myanmar) Limited နှင့် လုပ်ငန်းခွဲများမှ မန်နေဂျာများ၊ ဝန်ထမ်းများကိုလည်းကောင်း ကျွန်တော်တို့ ကုမ္ပဏီ၏ အောင်မြင်မှုကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးသူအားလုံးကိုလည်းကောင်း ကုမ္ပဏီ၏ဒါရိုက်တာ အဖွဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

လာမည့်နှစ်အတွက် ရှေ့သို့ဆက်လက် လျှောက်လှမ်းရာတွင် မသေချာမရေရာမှုနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများရှိသော်လည်း FMI ကုမ္ပဏီသည် ဆက်လက်၍ ထူးကဲအောင်မြင်ပြီး၊ အကောင်အထည်ဖော်ရန်စီစဉ်ထားသော စီမံကိန်းများကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ထားပါသည်။ သို့ဖြစ်၍ ဒါရိုက်တာအဖွဲ့မှ အဆိုပြုထားသော အစုရှယ်ယာတစ်စုကို အမြတ်ဝေစု ကျပ် ၁,၀၀၀ စီနှင့် အပိုအစုရှယ်ယာတစ်စုပေးရန် "One for one" (Bonus Share) အစီအစဉ်ကို အစုရှယ်ယာဝင်များက သဘောတူလက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား



ဦးလှကြည်
ဥက္ကဋ္ဌ

# Managing Agent's Report



U Theim Wai @ Mr. Serge Pun

Dear Shareholders,

After a busy year that was filled with challenges and trepidations, I am glad to report that we have weathered these challenges rather outstandingly and are able to present another year of excellent performance. Indeed I feel that describing our performance as excellent is very apt, for the situation which we faced for the entire of FY 2003-2004 was perhaps the most difficult in the 12 years we have been in existence. Sparked initially by the bank crisis, the liquidity crunch rapidly spread throughout the entire spectrum of the economy, causing much hardship for businesses to operate fluidly. Amidst this adversity we drew upon our years of experience in crisis management and the unfailing support of our people, never wavering from our core values and constantly relying on our optimism of a better future. In the end, we came away victorious and I am very gratified.

FMI's strength lies in its diversity of many strategic investments, most of them having a strong synergy amongst themselves. This helped us maintain our turnover and ensured our businesses to run smoothly without having to compromise on our quality and services. Out of 14 investments in our portfolio, 7 paid good dividends. Out of the remaining entities, 3 were able to make a profit but decided to prudently retain their profits this year. Only Shine Laundry Ltd. and Mandalay Cement Industries Co., Ltd. showed a loss which were due to high financing cost for the former and limited production hours for the latter.

As a result, your company was able to generate an income of Ks. 1,105 million (Last year income was Ks. 1,347 million) for the year ended 31st March, 2004 and a net profit for the year of Ks. 824 million (Last year net profit was Ks. 1,079 million).

I would like to thank our customers and our business partners who have contributed to our continued success. Our gratitude goes also to our shareholders who have stood steadfastly in support over the year. This is particularly evident with the marked increase of shareholders opting for scrip shares in lieu of cash dividends last year. Most importantly, I would like to express my sincere thanks to all our loyal employees and our able managers without whose support and devotion we would not have surmounted the considerable difficulties of last year. As always, our Board of Advisors and Directors remained focused and supportive throughout the year and I thank them for their constant advice and wisdom in dealing with the many issues facing us during the year.





For the current year, combined with the retained earnings brought forward from the preceding year, FMI shows a distributable profit of Ks. 1,459 million at the year end. However, this year your Board has adopted an unprecedented decision to enhance shareholders' return by recommending the allotment of Bonus Shares on the basis of “One for One” together with a cash dividend of Ks. 1,000 per share. This is in effect a distribution of part of the reserves that the Company has accumulated over the years directly back to the shareholders. It means that for every share held at the close of registry on the 3rd of September, 2004, the holder of such share shall receive a new share that is fully paid for. It also means that you shall have twice the number of shares as previously held and our Paid Up Capital will be increased by one fold. These new shares shall rank parri parsu (same entitlement and benefits) with the existing shares and shareholders are free to keep or sell them at any time.

The Board is confident that shareholders will appreciate this recommendation as being a substantial payback to shareholders and will support it at the Annual General Meeting.

Following the bonus issue, we will have a total of 546,000 outstanding shares in issue. The increased number of shares will no doubt help increase the volume of FMI share trading both in Yangon and Mandalay, one thing we have been trying to stimulate over the past few years. With the increased trading of FMI shares we hope to create more liquidity for our shareholders and in turn enhance the value of our shares in the market. This will bring long term benefits to the shareholders as well as to the company.

The following pages will report to you the operational status of each entity in which your Company holds an interest.

Looking forward, I am confident that FMI Company will go from strength to strength and will be able to capitalize on all the opportunities that lies ahead in the years to come. I look forward to your continued support and to the continued guidance of our Board of Advisors and Directors.

Yours truly,

Theim Wai @ Serge Pun
Managing Agent

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

လွန်ခဲ့သည့်နှစ်သည် စိန်ခေါ်မှုများနှင့် စိတ်တုန်လှုပ်မှုများတို့ ပြည့်နှက်နေခဲ့သော အလုပ်များသည့် နှစ်တစ်နှစ်ဖြစ်ပြီး၊ ယင်း ဖြစ်ရပ်များကို ကြံ့ကြံ့ခံ၍ ထူးကဲစွာဆောင်ရွက်နိုင်သည့် နှစ်တစ်နှစ်အဖြစ် အစီရင်ခံနိုင်သည့်အတွက် ကျွန်တော့်အနေနှင့် အထူးဝမ်းမြောက်မိပါသည်။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးတွင် ကျွန်တော်တို့ရင်ဆိုင်ခဲ့ရသည့် အခြေအနေသည် FMI Co., Ltd. ၏ သက်တမ်း ၁၂-နှစ်တာအတွင်း အခက်ခဲဆုံးဖြစ်ခဲ့ပြီး၊ ယင်းအခက်အခဲများအကြား ဤမျှရရှိသည့် ဆောင်ရွက်မှုရလဒ်သည် အလွန်ကောင်းသည်ဟု ကျွန်တော့်အနေနှင့် ကောက်ချက်ချလိုပါသည်။ ဘဏ်လုပ်ငန်း အကျပ်အတည်းမှ စတင်ခဲ့သော ငွေသားလည်ပတ်မှုပြဿနာသည် စီးပွားရေးကဏ္ဍ အသီးသီးသို့ပြန့်နှံ့ကာ စီးပွားရေး လုပ်ငန်းများ ချောမွေ့စွာလည်ပတ်ရန် အခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့ပါသည်။ ဤသို့အခက်အခဲများအကြားတွင် ကျွန်တော်များအနေနှင့် နှစ်ပေါင်းများစွာအတွင်း ကျွန်ုပ်တို့ ရရှိခဲ့သော အကျပ်အတည်းစီမံခန့်ခွဲမှု အတွေ့အကြုံ၊ အစုရှယ်ယာရှင်များနှင့် ဝန်ထမ်းများ၏ ခိုင်မာသော အားပေးထောက်ခံမှုများဖြင့် ကုမ္ပဏီ၏ယုံကြည်ချက် (၇)ရပ်ကို မမှိတ်မသုန်ကျင့်သုံး၍ အကောင်းမြင်ဝါဒကို စွဲကိုင်လျက် ကြိုးစားအားထုတ်ခဲ့ပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း ကျေနပ်ဝမ်းမြောက်ဖွယ် အစီရင်ခံ တင်ပြအပ်ပါသည်။

ယခင်က တင်ပြခဲ့သည့်အတိုင်း FMI ကုမ္ပဏီ၏ အင်အားသည် မဟာဗျူဟာကျ ဖြန့်ကျက် ရင်းနှီးမြှုပ်နှံမှု ရှိခြင်းကြောင့်ဖြစ်ပြီး ၎င်းရင်းနှီးမြှုပ်နှံမှုများသည် တစ်ခုနှင့်တစ်ခု ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပေါင်းစည်းအား ဖြစ်ပေါ်ရရှိစေပါသည်။ ဤအချက်သည် ကျွန်တော်တို့၏ အရည်အသွေးနှင့် ဝန်ဆောင်မှုကို မထိခိုက်စေပဲ စီးပွားရေးလုပ်ငန်းကိုချောမွေ့စွာ လည်ပတ်နိုင်ရန် အာမခံချက်ပေးပြီး ဝင်ငွေရရှိမှု ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ထို့ကြောင့် FMI ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု (၁၄)ခု အနက် (၇)ခုသည် ကောင်းမွန်သော အမြတ်ဝေစုကို ပေးနိုင်ခဲ့ပါသည်။ အမြတ်ဝေစု မခွဲပေးနိုင်သော လုပ်ငန်းခွဲများအနက် (၃)ခုသည် အမြတ်အစွန်းရရှိသော်လည်း အမြတ်ဝေစု မခွဲဝေရန် ဆုံးဖြတ်ခဲ့ပါသည်။ Shine Laundry Ltd. (Shine) နှင့် Mandalay Cement Industries Co., Ltd. (MCICL) တို့ သာလျှင်အရှုံးပေါ်ခဲ့ရာ Shine အနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ချေးငွေစရိတ် ကြီးမားခြင်းကြောင့်ဖြစ်ပြီး MCICL အနေနှင့် ထုတ်လုပ်မှု အချိန်နည်းပါးသောကြောင့် ဖြစ်ပါသည်။

ရလဒ်အားဖြင့် FMI ကုမ္ပဏီအနေနှင့် ၂၀၀၄-ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဝင်ငွေ ကျပ် (၁,၁၀၅) သန်း (ယခင် နှစ်ဝင်ငွေ ကျပ် ၁,၃၄၇ သန်း) ကိုရရှိခဲ့ပြီး၊ အသားတင်အမြတ်ငွေမှာ ကျပ် (၈၂၄) သန်း ဖြစ်ပါသည်။ (ယခင်နှစ်အသားတင်အမြတ်ငွေကျပ် ၁,၀၇၉ သန်း။) ဤသို့ FMI ကုမ္ပဏီ၏ အောင်မြင်မှုအတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးခဲ့သော Customer များနှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များကို ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြလိုပါသည်။ ထို့အပြင်အချိန်မလပ် ယုံကြည်အားပေးသော ကျွန်တော်တို့၏ အစုရှယ်ယာရှင်များကိုလည်း ကျေးဇူးတင်ရှိပါသည်။ ဤသို့အားပေးခြင်းကို လွန်ခဲ့သည့်နှစ်တွင် အစုရှယ်ယာရှင်များက အမြတ်ဝေစုအတွက် ငွေသားအစား Scrip Share ကို ပိုမိုရွေးချယ်ခြင်းအားဖြင့် သိသာထင်ရှားစေခဲ့ပါသည်။ အထူးသဖြင့် သစ္စာရှိသော ဝန်ထမ်းများနှင့် လုပ်ရည်ကိုင်ရည် ပြည့်ဝသော မန်နေဂျာများအား စိတ်ရင်းခံ၍ ကျေးဇူးတင်ရှိကြောင်းပြောလိုပြီး၊ ၎င်းတို့၏အားပေးထောက်ပံ့မှုမရှိခဲ့ပါက ယခင်နှစ်က ကြုံတွေ့ခဲ့ရသည့် ကြီးမားသော အခက်အခဲများကို ကျော်လွှားနိုင်မည်မဟုတ်ကြောင်း တင်ပြလိုပါသည်။





ထို့အပြင် ဒါရိုက်တာအဖွဲ့နှင့် အကြံပေးအဖွဲ့ဝင်များမှ အချိန်ပြည့် အာရုံစူးစိုက်ပြီး၊ ထောက်ခံအားပေးခဲ့မှုများအား ကျေးဇူးတင်အပ်ပြီး၊ ၎င်းတို့ထံမှရရှိသည့် ထက်မြက်သော အကြံဉာဏ်များနှင့် အမြော်အမြင်များဖြင့် လွန်ခဲ့သည့် တစ်နှစ်တာကာလ တစ်လျှောက်လုံး ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်းကိုလည်း တင်ပြအပ်ပါသည်။

ယခုနှစ်ကုန်ဆုံးချိန်တွင် ယခင်နှစ်လက်ကျန် အမြတ်များနှင့် ပေါင်း၍ FMI ကုမ္ပဏီအနေနှင့် ခွဲပေးနိုင်သော အမြတ်ငွေ ကျပ် (၁,၄၅၉) သန်း ရှိသည်ကို တွေ့မြင်ရပါသည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့အနေနှင့် အစုရှယ်ယာရှင်များ၏အကျိုးကို ရှေးရှု၍ ယခင်က မကျင့်သုံးဖူးသော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြပြီး၊ အမြတ်ဝေစုအဖြစ် တစ်စုလျှင် ငွေသား ကျပ် ၁,၀၀၀ နှင့်အတူ ("One for One" အခြေခံမှုဖြင့် ) လက်ရှိပိုင်ဆိုင်သော အစုရှယ်ယာတိုင်းအတွက် အပိုဆုအဖြစ် အစုရှယ်ယာတစ်စု ("Bonus Share") ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤသည်မှာ ကုမ္ပဏီက နှစ်ပေါင်းများစွာစုဆောင်းခဲ့သော အရံငွေများကိုအစုရှယ်ယာရှင်များထံ တိုက်ရိုက်ခွဲဝေပေးခြင်းပင် ဖြစ်ပါသည်။ တနည်းအားဖြင့် ၃-၉-၂၀၀၄ ရက်နေ့ စာရင်းပိတ်ချိန်ရှိ ပိုင်ဆိုင်မှုအနေအထားအတိုင်း ရှယ်ယာရှင်အနေနှင့် အပြည့်အဝပေးချေပြီးသော အစုရှယ်ယာအသစ် တစ်စုစီ ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် အစုရှယ်ယာရှင်အနေနှင့် ယခင် ပိုင်ဆိုင်ထားသော ရှယ်ယာအရေအတွက်၏ နှစ်ဆပိုင်ဆိုင်လာမည်ဖြစ်ပြီး ကုမ္ပဏီ၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ (Paid Up Capital) သည်လည်း တစ်ဆတိုးလာမည် ဖြစ်ပါသည်။ ယင်းရှယ်ယာအသစ်များသည် လက်ရှိရှယ်ယာများနှင့် တန်းတူ အခွင့်အရေးရရှိမည်ဖြစ်ကာ အစုရှယ်ယာရှင်များအနေဖြင့် အချိန်မရွေး လွတ်လပ်စွာအရောင်းအဝယ် ပြုနိုင်ပြီး မရောင်းဘဲ ထားလိုပါကလည်း ထိန်းသိမ်းထားနိုင်ပါသည်။

ဤအဆိုပြုချက်သည် အစုရှယ်ယာရှင်များအား များစွာသော အကျိုးရလဒ်ကို ပြန်လည်ခွဲဝေပေးခြင်း ဖြစ်ကြောင်း FMI ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့မှ ယုံကြည်ထားပြီး၊ အစုရှယ်ယာရှင်များက နှစ်သက်လက်ခံ၍ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် အထက်ပါအဆိုပြုချက်ကို ထောက်ခံလိမ့်မည်ဟု ယုံကြည်ထားပါသည်။

အပိုဆု အစုရှယ်ယာထုတ်ဝေပြီးနောက် FMI ကုမ္ပဏီ၏ ထုတ်ဝေပြီး အစုရှယ်ယာစုစုပေါင်းမှာ ၅၄၆,၀၀၀ စု ဖြစ်ပါမည်။ အစုရှယ်ယာ အရေအတွက်တိုးတက်မှုသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် FMI ရှယ်ယာ ရောင်းဝယ်ဖောက်ကားမှုကို တိုးမြှင့်စေမည်ဖြစ်ပြီး၊ အရောင်းအဝယ်ဈေးကွက်ဖြစ်စေရန် လွန်ခဲ့သောနှစ်များအတွင်း ဆက်တိုက်ကြိုးပမ်းခဲ့မှုအား အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ထားပါသည်။ FMI ရှယ်ယာများ တိုးမြှင့်ရောင်းဝယ်ခြင်းနှင့်အတူ အစုရှယ်ယာရှင်များအတွက် ငွေပြန်ဖြစ်လွယ်မှု ပိုမိုလွယ်ကူစေပြီး၊ အပြန်အလှန်အားဖြင့်အစုရှယ်ယာတန်ဖိုးလည်း တိုးမြှင့်စေမည်ဖြစ်ပါသည်။ ဤအချက်သည် အစုရှယ်ယာရှင်များသာမက FMI ကုမ္ပဏီအတွက်ပါ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အချက်ဖြစ်ပါသည်။

FMI ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းခွဲများ၏ လုပ်ငန်းလည်ပတ်မှုအခြေအနေကို နောက်တွင်ဆက်လက်တင်ပြထားပါသည်။

ရှေ့ခရီးအတွက် မျှော်မှန်းရသော် FMI ကုမ္ပဏီသည် လက်ရှိအင်အားမှအင်အားပိုမိုကောင်းမွန်လာပြီး နောင်လာမည့် နှစ်များတွင် ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို အပြည့်အဝရယူ အသုံးချနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့အတူ ကျွန်တော့်အနေနှင့် အစုရှယ်ယာရှင်များ၏ စဉ်ဆက်မပြတ် ထောက်ခံအားပေးမှုနှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြံပေးအဖွဲ့ဝင်များ၏ လမ်းညွှန်မှုများကို ဆက်လက်ရရှိမည်ဟုလည်း ယုံကြည်မျှော်လင့်ထားပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်



ဦးသိမ်းဝေ (ခ) Mr. Serge Pun
Managing Agent



# Review of Operations



## 2003-2004

- Yoma Bank Limited
- FMI Garden Development Limited
- FMI Syndication Limited
- Shine Professional Dry Clean & Laundry Services
- SPA Motors
- SPA Motorcycle Limited
- Myanmar Nissan Company Limited
- Myanmar Suzuki Motor Company Limited
- Wood Technology Industries Limited
- Pun Hlaing International Hospital Limited
- Myanmar V-Pile Company Limited
- Mandalay Cement Industries Company Limited
- SPA Elevators

# Yoma Bank Ltd.

Your company holds 35.6% interest in Yoma Bank, same as the previous year.




Yoma Bank
FMI Centre Branch

The year 2003-2004 was indeed an eventful year for Yoma Bank. Following the liquidity crisis which hit most private banks in February of 2003, the bank went through an extremely difficult time during the year. Customers' deposits which stood at Ks. 135 billion just before the crisis reduced to Ks. 27.59 billion at the end of the fiscal year. Similarly, the need to recall the bulk of all outstanding loans resulted in the bank's loans portfolio shrinking from a high of Ks. 110 billion in February 2003 to Ks. 31.08 billion at the end of the fiscal year. Such precipitous fall in deposits and loans would invariably affect the results of any banking institution anywhere.

In the absence of any new deposits being allowed, the granting of new loans were suspended as was a number of banking services such as call-deposit account, Yoma Card, Yoma Trade Guarantee and long-term Housing Loans, further impairing the bank's revenue prospects.

To cope with these challenges, the management of the bank took a number of immediate and effective measures to minimize the negative impact and to remain operationally profitable. This included reducing our workforce by nearly 40% and disposal of various redundant assets.

As a result, fortunately, the bank was able to close the 2003-2004 fiscal year with a marginal net profit after tax of Ks. 231 million (Last year Ks. 1,266 million), a reduction of 81% over the preceding year. The Board of Directors resolved to pay a dividend of Ks. 121.78 million after having provided for statutory reserves and contingency provisions. Your Company received its share of dividends in the sum of Ks. 43.35 million.

What needs to be clearly stated however is that Yoma Bank remains totally solvent and financially sound despite the turbulence of the year. Total shareholders' fund of Yoma Bank stand at Ks. 7,469 million at year end showing an increment of 5.52% over the past year of Ks. 7,078 million.

In the coming year, it is to be expected that the bank will continue to face acute challenges with the restricted income flow. However, the management is cautiously optimistic that with the loyal support of our customers and the dedication of our managers and staff, the bank will overcome any difficulties and remain as one of the premier private banks in the country.

ရိုးမဘဏ်၏ ၃၅.၆% ကို FMI Co., Ltd. မှ မနှစ်ကကဲ့သို့ပင် ဆက်လက်ပိုင်ဆိုင်ထားပါသည်။

၂၀၀၃-၂၀၀၄ ခုနှစ်သည် ရိုးမဘဏ်အတွက် စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်များနှင့် ပြည့်နေသော နှစ်တစ်နှစ်ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ပုဂ္ဂလိကဘဏ်အများစု ကြုံတွေ့ခဲ့ရသော ငွေသားအကျပ်အတည်းဖြစ်မှုကြောင့် ရိုးမဘဏ်အနေဖြင့် ယခုနှစ်အတွင်း အလွန်ခက်ခဲသော အချိန်များကို ဖြတ်ကျော်ခဲ့ရပါသည်။ ငွေအပ်နှံသူများမှ ဘဏ်အပ်ငွေ ပမာဏသည် ငွေသားအကျပ်အတည်းဖြစ်မှု မပေါ်ပေါက်မီက ကျပ် (၁၃၅) ဘီလီယံရှိခဲ့ရာမှ ယခုဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ကျပ် (၂၇.၅၉) ဘီလီယံသို့ လျော့နည်းသွားခဲ့ပါသည်။ အလားတူပင် ဘဏ်မှထုတ်ချေးထားသော ချေးငွေအများစုကို ပြန်လည်ကောက်ခံရန် လိုအပ်မှုကြောင့် ဘဏ်၏ ချေးငွေပမာဏမှာ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျပ် (၁၁၀) ဘီလီယံ ရှိခဲ့ရာမှ ယခုဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ကျပ် (၃၁.၀၈) ဘီလီယံ သို့ လျော့နည်းသွားခဲ့ပါသည်။ မည်သည့်ဘဏ်ဖြစ်စေ ဤကဲ့သို့ အပ်ငွေနှင့် ချေးငွေပမာဏ များစွာကျဆင်းသွားပါက ဘဏ်၏ အကျိုးရလဒ်အပေါ်တွင် သက်ရောက်မှုရှိမည် ဖြစ်ပါသည်။

ဘဏ်အပ်ငွေအသစ်များ လက်ခံရန် ခွင့်ပြုချက်မရသေးချိန်တွင် ချေးငွေအသစ်များ ထုတ်ချေးခြင်းကို ရပ်စဲထားရသည့်နည်းတူ အခြားဘဏ္ဍာရေး ဝန်ဆောင်မှုများဖြစ်သည့် ခေါ်ယူအပ်ငွေစာရင်း၊ ရိုးမကဒ်၊ ရိုးမဘဏ် ကုန်သွယ်မှုအာမခံ နှင့် နှစ်ရှည်အိမ်ရာချေးငွေတို့ကိုပါ ရပ်စဲထားရရာ ဘဏ်၏ဝင်ငွေရရှိနိုင်မှုအလားအလာကို ထိခိုက်စေခဲ့ပါသည်။

အထက်ပါ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လတ်တလော ထိရောက်သည့် လုပ်ဆောင်ချက်များဖြင့် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကို လျော့နည်းစေပြီး၊ စီးပွားတွက်ခြေကိုက် လုပ်ငန်းလည်ပတ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်များတွင် ဘဏ်၏ ဝန်ထမ်းအင်အားကို ၄၀% ခန့် လျှော့ချခဲ့ခြင်းနှင့် မလိုအပ်သော ပစ္စည်းများကို ရောင်းချခဲ့ခြင်းတို့ ပါဝင်ပါသည်။

ထိုလုပ်ဆောင်ချက်များ၏ ရလဒ်မှာ ၂၀၀၃-၂၀၀၄ ခုနှစ် ကုန်ဆုံးချိန်တွင် ဘဏ်အနေဖြင့် အခွန်ထမ်းဆောင်ပြီး အသားတင်အမြတ်ငွေမှာ လွန်ခဲ့သောနှစ်ကထက် ၈၁% လျော့နည်း၍ ကျပ် (၂၃၁)သန်း ရရှိခဲ့ (လွန်ခဲ့သောနှစ်က ကျပ် ၁,၂၆၆ သန်း) ပါသည်။ ဘဏ်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် အမြတ်ဝေစုအဖြစ် ကျပ် (၁၂၁.၇၈) သန်း ခွဲဝေပေးရာ FMI Co., Ltd. မှ ကျပ် (၄၃.၃၅) သန်း ရရှိခဲ့ပါသည်။

အရေးကြီးသောအချက်အနေဖြင့် တင်ပြလိုသည်မှာ ယခုနှစ်အတွင်း အခက်အခဲများရင်ဆိုင်ရသော်လည်း ရိုးမဘဏ်သည် ပေးရန်တာဝန်များကို အပြည့်အဝ ပေးနိုင်စွမ်းရှိကြောင်းနှင့် ဘဏ်၏ဘဏ္ဍာရေးအခြေအနေမှာ ခိုင်မာမှုရှိကြောင်း ဖြစ်ပါသည်။ ရိုးမဘဏ်၌ အစုရှယ်ယာရှင်များ၏ စုစုပေါင်း ရင်းနှီးငွေမှာ ကျပ် (၇,၄၆၉) သန်း ရှိရာလွန်ခဲ့သောနှစ်ကထက် ၅.၅၂% တိုးလာပါသည်။ (လွန်ခဲ့သောနှစ်က အစုရှယ်ယာ ရှင်များ၏ စုစုပေါင်းရင်းနှီးငွေ ကျပ် ၇,၀၇၈ သန်း ဖြစ်သည်။)

လာမည့်နှစ်တွင် ဝင်ငွေကန့်သတ်ချက် ရှိမည်ဖြစ်သဖြင့် ဘဏ်အနေဖြင့် အခက်အခဲများ ရင်ဆိုင်ရမည်ဟု မျှော်လင့်ထားပါသည်။ သို့သော် Customer များ၏ ထောက်ခံအားပေးမှုနှင့် ဘဏ်မန်နေဂျာများနှင့် ဝန်ထမ်းများ၏စွဲစွဲမြဲမြဲ ကြိုးပမ်းလုပ်ကိုင်မှုများကြောင့် အခက်အခဲအားလုံးကို ကျော်လွှားနိုင်ပြီး၊ နိုင်ငံ၏ ထိပ်တန်း ပုဂ္ဂလိကဘဏ် တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။




Yoma Bank
Hlaing Tharyar Branch

# FMI Garden Development Ltd.



Modern Family House at Finger Lake (FMI City Compound)

Your Company continues to hold 47.5% interest in this real estate development company.

Due to bank liquidity crisis and discontinuation of long-term housing loans, the real estate market in general has been soft for most of the period. Despite these extreme circumstances, this entity was able to generate sales of 14 units in Orchid Gardens and 64 plots of housing lots in the new Finger Lake and Cherry Garden developments. During the past year we completed and delivered 82 homes in Orchid Gardens to home owners and some 113 units will be completed and delivered by October this year.

FMI Garden Development Ltd. also holds a 7% indirect interest in Pun Hlaing Golf Estate (PHGE). During the year, PHGE completed the first of four Golf Apartments called the 8th Fairway Apartments. The 6-storey, 12-unit condominium building occupies one acre of prime land overlooking the Gary Player designed golf course and includes facilities such as a private swimming pool, car park, full utilities and international standard estate management and security.

Turnover during the year was Ks. 4,531 million and we were able to achieve a net profit after tax of Ks. 571 million. The Board of Directors of this entity resolved to pay a dividend and your Company' share of the dividend was Ks. 376,250,000 (last year dividend: Ks. 696,250,000).

Earlier in April 2004, FMI Garden Development Ltd. commenced with the construction of Seik Kan Thar Apartments on the riverbanks of Hlaing River between Baynint Naung and Aung Zeya bridges. This project will comprise a series of medium class, 5-storey buildings and will ultimately include a commercial centre as well as other facilities. The launch of the first phase has been targeted for the beginning of 2005 and will provide affordable quality accommodation in the Hlaing Tharyar Township.

In addition, FMI Garden Development Ltd. is jointly developing a 13-acre prime residential estate on the corner of Pyay Road and Parami Road. The project is expected to be completed by the end of 2004 and projected to generate attractive returns for the entity.

Outlook for this entity therefore remains positive as we continue to promote the sales of home units in all the above projects during FY 2004-2005. We are confident that this entity will maintain its profitability during the coming year.



ဤ အဆောက်အအုံအိမ်ရာဖော်ထုတ်ရေး ကုမ္ပဏီ၏ ၄၇.၅% ကို FMI Co., Ltd. မှ ဆက်လက် ပိုင်ဆိုင်ထားပါသည်။

ပုဂ္ဂလိကဘဏ်များမှ ကြုံတွေ့ခဲ့ရသော ငွေသားလည်ပတ်မှု အခက်အခဲနှင့် ၎င်း၏အကျိုးဆက်တစ်ခုဖြစ်သော နှစ်ရှည် အိမ်ရာ ချေးငွေများကို ရပ်စဲလိုက်ခြင်းတို့ကြောင့် အိမ်ရာ ဈေးကွက်အခြေအနေမှာ ၂၀၀၃-၂၀၀၄ ခုနှစ်၏ အချိန်အများစု တွင် နှေးကွေးခဲ့ပါသည်။ ဤသို့ အလွန်ခက်ခဲသောအခြေအနေများကြားမှပင် ဤလုပ်ငန်းအနေဖြင့် Orchid Gardens စီမံကိန်းမှ လုံးချင်းအိမ် (၁၄)လုံးကိုလည်းကောင်း၊ New Finger Lake နှင့် Cherry Garden စီမံကိန်း များမှ မြေကွက် (၆၄)ကွက်ကိုလည်းကောင်း ရောင်းချနိုင်ခဲ့ပါသည်။ ထို့အတူ Orchid Gardens စီမံကိန်းမှ အိမ် (၈၂)လုံးကို တည်ဆောက်ပြီးစီးခဲ့၍ အိမ်ရှင်များထံ အပ်နှံနိုင်ခဲ့ပါသည်။ နောက်ထပ် အိမ် (၁၁၃)လုံးကိုလည်း ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် တည်ဆောက်ပြီးစီး၍ အပ်နှံနိုင်မည် ဖြစ်ပါသည်။

FMI Garden Development Ltd. သည် Pun Hlaing Golf Estate (PHGE) ၏ ၇% ကို ပိုင်ဆိုင်ထားပါသည်။ လွန်ခဲ့သည့်နှစ်အတွင်း 8th Fairway Apartments ဟုခေါ်တွင်သော ဂေါက်ကွင်း တိုက်ခန်း အဆောက်အအုံ (၄)လုံး အနက်မှ ပထမ(၁)လုံးကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ ဤ အထပ်(၆)ထပ်ရှိ တိုက်ခန်း(၁၂)ခန်းပါဝင်သော ကွန်ဒိုမီနီယံ အဆောက်အအုံကို (၁)ဧက ကျယ်ဝန်းသည့် မြေပေါ်တွင် တည်ဆောက်ထားပြီး Gary Player ဒီဇိုင်းဆွဲခဲ့သည့် ပန်းလှိုင်ဂေါက်ကွင်းအလှမြင်ကွင်း၊ ကိုယ်ပိုင် ရေကူးကန်၊ ကား ရပ်နားရန်နေရာ၊ ရေ၊ မီး၊ ဖုန်း၊ ဂြိုလ်တုရုပ်သံလိုင်း စသည်များ နှင့် နိုင်ငံတကာအဆင့်မီ အိမ်ရာစီမံခန့်ခွဲမှုနှင့် လုံခြုံရေးစနစ် စသည်တို့ပါဝင်ပါသည်။

၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ဝင်ငွေ Turnover မှာ ကျပ် (၄,၅၃၁)သန်း ဖြစ်၍ အခွန်ထမ်းဆောင်ပြီး အသားတင် အမြတ်ငွေမှာ ကျပ် (၅၇၁)သန်း ဖြစ်ပါသည်။ FMI Garden Development Ltd. ၏ဒါရိုက်တာအဖွဲ့မှ အမြတ်ဝေစုခွဲဝေ ပေးရန် ဆုံးဖြတ်ခဲ့ပြီး FMI Co., Ltd. အနေဖြင့် ရရှိသော အမြတ်ဝေစုမှာ ကျပ် ၃၇၆,၂၅၀,၀၀၀ တိတိ ဖြစ်ပါသည်။ (လွန်ခဲ့သောနှစ်၏အမြတ်ဝေစုမှာ ကျပ် ၆၉၆,၂၅၀,၀၀၀ တိတိ ဖြစ်ပါသည်။)

၂၀၀၄ ခုနှစ်၊ ဧပြီလတွင် FMI Garden Development Ltd. သည် ဘုရင့်နောင်တံတားနှင့် အောင်ဇေယျတံတား ကြားရှိ လှိုင်မြစ်ကမ်းပေါ်တွင် Seik Kan Thar Apartments စီမံကိန်းကို စတင်ခဲ့ပါသည်။ ဤစီမံကိန်းတွင် အလယ်အလတ် တန်းစားအဆင့်ရှိ (၅)ထပ် လူနေအဆောက်အအုံများ၊ စီးပွားရေး အဆောက်အအုံတစ်ခုနှင့် အခြားအခြေခံအဆောက် အအုံများ စသည်တို့ပါဝင်ပါမည်။ ဤစီမံကိန်း၏ ပထမအဆင့် ကို ၂၀၀၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် စတင်ရောင်းချနိုင်ရန် လျာထား ပြီး၊ ဈေးနှုန်းသင့်တင့်၍ အရည်အသွေးကောင်းမွန်သော လူနေ အိမ်များအဖြစ် လှိုင်သာယာမြို့နယ်အတွင်း ပေါ်ထွန်းလာမည် ဖြစ်ပါသည်။



FMI Garden Development Ltd. သည် အခြားကုမ္ပဏီတစ်ခုနှင့် တွဲဖက်၍ ပြည်လမ်းနှင့် ပါရမီလမ်းထောင့်ရှိ (၁၃)ဧကခန့် ကျယ်ဝန်းသော မြေပေါ်၌ လူနေအိမ်ရာစီမံကိန်းတစ်ခုကို ဖော်ထုတ်လျက်ရှိပါသည်။ ဤစီမံကိန်းကို ၂၀၀၄ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ပြီးစီးနိုင်ရန် မျှော်လင့်ထားပြီး ဤစီမံကိန်းမှ ကုမ္ပဏီ အတွက် အကျိုးရလဒ်ကောင်းများ ရရှိစေမည်ဟု ခန့်မှန်းထားပါသည်။ FMI Garden Development Ltd. ၏ အနာဂတ် အလားအလာမှာ ကောင်းမွန်လျက်ရှိပြီး၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အထက်ပါ အိမ်ရာများရောင်းချခြင်းကို မြှင့်တင်၍ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ဤ လုပ်ငန်းမှ လာမည့်နှစ်တွင်လည်း အမြတ်အစွန်းရရှိမှုကို ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဟု ယုံကြည်ပါသည်။

SYNDICATION

# FMI Syndication Limited (Holding FMI Centre)



Sale Promotion at FMI Centre

Your Company continues to hold 70% interest in this property holding company.

The office rental market during the year did not escape the general downturn in overall demand. Our anchor tenant Yoma Bank was compelled to discontinue the lease of various offices within the building as part of its cost cutting measures. Consequently, the occupancy rate for the office portion fell to 85% from the previous year of 92%. This however compares favourably to the average market occupancy rate of 45% for Yangon.

Fortunately, the situation with the shopping centre portion of the building remained buoyant with leases running up to year 2006. The atrium on ground floor of FMI Centre has now established itself as the most sought after promotional venue and is fully booked months ahead. The occupancy rate for the shopping centre continues to stand at 100%.

The financial results of the year for this entity showed a profit after tax of Ks. 331.55 million which represents a 19.6% increase to last year. (Last year's net profit after tax: Ks. 277.28 million). A dividend of Ks. 270 million was declared which again represented a 12.5% increment to last year's results (Last year's dividend: Ks. 240 million). Your company received a dividend sum of Ks. 189 million as its share.



Fashion Show at FMI Centre

# FMI Centre ကို ပိုင်ဆိုင်သော FMI Syndication Ltd.



FMI Co., Ltd. မှ ဤအဆောက်အအုံ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ ၇၀% ကို ဆက်လက်ပိုင်ဆိုင်ထားပါသည်။

ရုံးခန်းများ ငှားရမ်းသည့်ဈေးကွက်တွင် လွန်ခဲ့သည့်နှစ်အတွင်း အထွေထွေ ဝယ်လိုအားကျဆင်းမှု၏ အကျိုးဆက်ကို အများနည်းတူ ခံစားခဲ့ရပါသည်။ အဓိကငှားရမ်းသူတစ်ဦး ဖြစ်သည့် ရိုးမဘဏ်သည်လည်း ၎င်း၏ စရိတ်လျှော့ချရေး အစီအစဉ်အရ ရုံးခန်းနေရာအချို့အား ဆက်လက်ငှားရမ်းမှု ရပ်ဆိုင်းခဲ့ပါသည်။ ထို့ကြောင့် ယခင်နှစ်က ရုံးခန်းများ၏ ၉၂% ကို ငှားရမ်းနိုင်ခဲ့ရာမှ ယခုနှစ်တွင် ရုံးခန်းများ၏ ၈၅% ကိုသာ ငှားရမ်းနိုင်ခဲ့ပါသည်။ သို့ရာတွင် ရန်ကုန်မြို့၏ ရုံးခန်းငှားရမ်းမှုဈေးကွက် ၄၅% ခန့်နှင့်ယှဉ်လျှင် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။

အခြားတစ်ဖက်တွင် FMI Centre ၏ ဈေးဆိုင်ခန်းများ ငှားရမ်းရမှုမှာ လွန်စွာကောင်းမွန်ခဲ့ပြီး ၂၀၀၆ ခုနှစ် အထိ ငှားရမ်းသူများ ရှိနေပါသည်။ FMI Centre မြေညီထပ်ရှိ နေရာလပ်သည် အရောင်းမြှင့်တင်ရေးပွဲများ ပြုလုပ်ရာနေရာ အဖြစ် ငှားရမ်းသူများပြားပြီး၊ နောင်လာမည့်လများစွာအတွက် ကြိုတင်ငှားရမ်းသူများ ပြည့်နေပါသည်။ ဈေးဆိုင်ခန်းများ၏ ငှားရမ်းရမှုမှာ ၁၀၀% တွင် ဆက်လက် တည်ရှိနေပါသည်။

ဤလုပ်ငန်း၏ ယခုနှစ်အတွက် ဘဏ္ဍာရေးရလဒ်မှာ အခွန်ထမ်းဆောင်ပြီး အသားတင် အမြတ်ငွေ ကျပ် (၃၃၁.၅၅) သန်း ဖြစ်၍ ယခင်နှစ်ကထက် ၁၉.၆% တိုးလာခဲ့ပါသည်။ (လွန်ခဲ့သောနှစ်၏ အခွန်ထမ်းဆောင်ပြီး အသားတင် အမြတ်ငွေမှာ ကျပ် ၂၇၇.၂၈ သန်း ဖြစ်ပါသည်။) ဤကုမ္ပဏီမှ အမြတ်ဝေစု အဖြစ် ကျပ်သန်း (၂၇၀)ကို ခွဲဝေပေးခဲ့ရာ ယခင်နှစ်ကထက် ၁၂.၅% တိုးလာခဲ့ပါသည်။ (လွန်ခဲ့သောနှစ်၏ အမြတ်ဝေစုမှာ ကျပ်သန်း ၂၄၀ ဖြစ်ပါသည်။) FMI Co., Ltd. အနေဖြင့် ရရှိသော အမြတ်ဝေစုမှာ ကျပ် (၁၈၉) သန်း ဖြစ်ပါသည်။



FMI Centre Shopping Outlets

PROFESSIONAL DRY CLEAN & LAUNDRY SERVICES

# Shine Professional Dry Clean & Laundry Services





Your company continues to own 35% of this entity.

This is the second year since our major upgrading of this entity with 11 outlets presently in operation in Yangon. As reported last year, we invested substantially in new machinery and factory building mainly funded through bank borrowings. The economic downturn affected most of our larger commercial clientele resulting in a sharp drop in revenues. For the first time since its inception SHINE resulted in an operational loss of Ks. 26,798,587 for the year.

However, despite these profound difficulties, the management and staff of this entity have been able to retain a positive cash flow and have ensured the entity's continuation. The management of SHINE has projected a turnaround for FY 2004-2005.

FMI Co., Ltd. မှ ဤလုပ်ငန်းခွဲ၏ ၃၅% ကို ဆက်လက်ပိုင်ဆိုင်ထားပါသည်။

ယခုနှစ်သည် ဤလုပ်ငန်းခွဲအား အဓိကကျသော အဆင့်မြှင့်တင်မွမ်းမံခြင်းများ ပြုလုပ်ပြီးနောက် ဒုတိယမြောက်နှစ်ဖြစ်ပြီး၊ ရန်ကုန်မြို့တွင် ဆိုင်ခွဲ (၁၁)ဆိုင် ဖွင့်လှစ်ထားရှိပါသည်။ လွန်ခဲ့သည့်နှစ်က အစီရင်ခံ တင်ပြခဲ့သည့်အတိုင်း ဤလုပ်ငန်းတွင် စက်ပစ္စည်းအသစ်များနှင့် စက်ရုံအသစ် တို့ကို ဘဏ်မှ ချေးငွေများဖြင့် များစွာရင်းနှီးမြှုပ်နှံခဲ့ပါသည်။ စီးပွားရေးကျဆင်းမှု၏ အကျိုးဆက်သည် လက်ကားဖောက်သည်ကြီးများကို ရိုက်ခတ်ခဲ့ရာ အကျိုးဆက်အားဖြင့် ဤလုပ်ငန်းခွဲ၏ ဝင်ငွေကို များစွာကျဆင်းစေခဲ့ပါသည်။ ထို့ကြောင့် Shine Laundry ကို စတင်တည်ထောင်ချိန်မှစ၍ ပထမဆုံး အကြိမ်အဖြစ် ယခုနှစ်တွင် ကျပ် ၂၆,၇၉၈,၅၈၇ တိတိ အရှုံးပေါ်ခဲ့ပါသည်။

သို့သော် အထက်ပါအခက်အခဲများကြားမှ ဤလုပ်ငန်းခွဲ၏ စီမံခန့်ခွဲမှုအဖွဲ့ နှင့် ဝန်ထမ်းများအနေဖြင့် ငွေသားလည်ပတ်မှု ကောင်းမွန်အောင် ထိန်းသိမ်းနိုင်ခဲ့ပြီး၊ လုပ်ငန်းကို ချောမွေ့စွာ ဆက်လက် လည်ပတ်နိုင်စေခဲ့ပါသည်။ Shine ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအခြေအနေ ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားပါသည်။

This entity is a wholly owned subsidiary of your company.

SPA Motors being the management company of our automobile division derives its income mainly from managing and servicing. Though the automobile market was volatile and unpredictable, SPA Motors was able to seek a niche market on quality servicing work.

The performance for this year was a turnover of Ks. 90.54 million (last year: Ks. 101.26 million) with a profit of Ks. 33,575,486 (last year: Ks. 57,421,195). Combined with the retained earnings of previous years, this entity resolved to declare the same dividend as last year of Ks. 40,000,000 of which your Company received all.

Notwithstanding the many challenges that exist for the automobile industry, we believe that the inadequate supply situation will persist and are confident that this entity will continue to produce positive results in the coming year.



FMI Co., Ltd. အနေဖြင့် ဤကုမ္ပဏီကို ရာနှုန်းပြည့် ပိုင်ဆိုင်ထားပါသည်။

ကျွန်တော်တို့၏ မော်တော်ယာဉ် လုပ်ငန်းများအတွက် စီမံခန့်ခွဲမှု ကုမ္ပဏီဖြစ်သော SPA Motors သည် အဓိက ဝင်ငွေကို စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းမှ ရရှိပါသည်။ မော်တော်ယာဉ် ဈေးကွက်အခြေအနေသည် မတည်ငြိမ်ခဲ့ဘဲ ခန့်မှန်းရ ခက်ခဲသော်လည်း SPA Motors သည် အရည်အသွေး ကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်းဖြင့် ဈေးကွက်အတွင်း ခြေကုပ်ရယူနိုင်ခဲ့ပါသည်။

ဤကုမ္ပဏီမှလွန်ခဲ့သည့်နှစ်အတွက် ဝင်ငွေကျပ် (၉၀.၅၄) သန်း ရရှိခဲ့ပြီး၊ (ယခင်နှစ်ဝင်ငွေကျပ် ၁၀၁.၂၆ သန်း)၊ အမြတ်ငွေကျပ် ၃၃,၅၇၅,၄၈၆ တိတိ ရရှိခဲ့ပါသည်။ (ယခင်နှစ်အမြတ်ငွေကျပ် ၅၇,၄၂၁,၁၉၅ တိတိ) ယခင်နှစ်များ၏ လက်ကျန်အမြတ်များ နှင့် စုပေါင်း၍ ယခုနှစ်အတွက် အမြတ်ဝေစုကို မနှစ်ကအတိုင်း ကျပ် ၄၀,၀၀၀,၀၀၀ တိတိ ခွဲဝေပေးရန် ဤလုပ်ငန်းခွဲက ဆုံးဖြတ်ခဲ့ရာ FMI Co., Ltd. အနေဖြင့် ရာနှုန်းပြည့် လက်ခံရရှိခဲ့ပါသည်။

မော်တော်ယာဉ်လုပ်ငန်းကဏ္ဍတွင် စိန်ခေါ်မှုများ ရှိနေသော်လည်း မော်တော်ယာဉ် ဝယ်လိုအားကို အလုံအလောက် မဖြည့်ဆည်းနိုင်သည့် အခြေအနေမှာ ဆက်လက်တည်ရှိနေပြီး၊ SPA Motors သည် အနာဂတ်တွင် အကျိုးရလဒ်ကောင်းများ ပေးစွမ်းနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

SPA MOTORCYCLE

# SPA Motorcycle Ltd.




Your company continues to own 100% in this Suzuki motorcycles and automobiles distribution company.

Despite the fact that the number of units available for distribution remain far below our expectation, the company was able to generate a net profit of Ks. 327,518,205 (last year: Ks. 540,728,358) and a dividend payout of Ks. 300,000,000 (last year: Ks. 250,000,000) of which your company received all.

A point which deserves special mention is the fact that your company's decision to acquire 100% shareholding of this entity one and a half years ago has proven to be a very good corporate move. Over the past two fiscal years, the combined profit generated by this entity has already paid back 48% of our investment.

Looking ahead, we believe this entity will remain profitable and we have embarked on a program for a major uplift of the showrooms and services of all our regional dealers. This would provide better quality service to our customers and sell more Suzuki products in the coming year. In addition, with the genuine parts and accessories from Suzuki, we are able to achieve better performance and increase reliability on our service.

Suzuki မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖြန့်ဖြူး ရောင်းချသော ကုမ္ပဏီကို FMI Co., Ltd. မှ ၁၀၀% ဆက်လက်ပိုင်ဆိုင်ထားပါသည်။

မျှော်လင့်ထားသော ယာဉ်အစီးအရေအတွက်ထက် များစွာ လျော့နည်းသော ပမာဏကိုသာ အကန့်အသတ်ဖြင့် ရောင်းချခွင့် ရရှိသော်လည်း ကုမ္ပဏီအနေဖြင့် ယခုနှစ်တွင် အသားတင်အမြတ်ငွေ ကျပ် ၃၂၇,၅၁၈,၂၀၅ တိတိ ရရှိ၍ (လွန်ခဲ့သောနှစ်က ကျပ် ၅၄၀,၇၂၈,၃၅၈ တိတိ)၊ အမြတ်ဝေစု အဖြစ် ကျပ် ၃၀၀,၀၀၀,၀၀၀ တိတိကို ခွဲဝေပေးခဲ့ရာ FMI Co., Ltd. မှ ရာနှုန်းပြည့် လက်ခံရရှိခဲ့ပါသည်။ (ယခင်နှစ် အမြတ်ဝေစုမှာ ကျပ် ၂၅၀,၀၀၀,၀၀၀ တိတိ ဖြစ်သည်။)

အထူးတင်ပြလိုသော အချက်မှာ FMI Co., Ltd. အနေဖြင့် လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်က SPA Motorcycle Ltd. ကို ရာနှုန်းပြည့်ဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် အလွန်မှန်ကန်သော ခြေလှမ်းတစ်လှမ်း ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၂)နှစ် အတွင်း SPA Motorcycle Ltd. ၏ အမြတ်ငွေ စုစုပေါင်းမှာ FMI Co., Ltd. မှ ရင်းနှီးမြှုပ်နှံမှု၏ ၄၈% ခန့် ရှိပြီးဖြစ်ပါသည်။

အနာဂတ်ကို လှမ်းမျှော်ကြည့်လျှင် ကုမ္ပဏီအနေဖြင့် အမြတ်ရရှိမှုကို ဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ SPA Motorcycle Ltd. သည် အရောင်းပြခန်းများနှင့် ဒေသခံ အရောင်းကိုယ်စားလှယ်များသို့ပေးသော ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ခြင်း အစီအစဉ်ပြုလုပ်ခဲ့ရာ လာမည့်နှစ်တွင် ဖောက်သည်များကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ပြီး၊ Suzuki တံဆိပ် ထုတ်ကုန်များကို ပိုမို ရောင်းချနိုင်မည် ဖြစ်ပါသည်။ Suzuki မှ စစ်မှန်သော စက်ပစ္စည်း အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများကြောင့် ပိုမိုမြင့်မားသော စွမ်းဆောင်ရည် ရရှိစေပြီး၊ ဝန်ဆောင်မှု အပေါ် ယုံကြည်မှုကို ပိုမိုရရှိစေမည် ဖြစ်ပါသည်။

# Myanmar Nissan Co., Ltd.
# Myanmar Suzuki Motor Co., Ltd.



Your company continues to hold 10% interest in MYANMAR NISSAN and 5% interest in MYANMAR SUZUKI respectively. Our investments in these two automobile companies continue to encounter difficulties mainly due to non-availability of import licenses for the former and highly limited quotas for assembly for the latter.

During last year, MYANMAR NISSAN mainly focused on the sales of spare parts and servicing work and produced a small net profit of Ks. 5,023,910 (Last year: Ks. 25,489,982). However, in view of the carried forward losses of previous years, the entity decided not to pay any dividends.

MYANMAR SUZUKI MOTOR COMPANY however had a much tougher challenge to show satisfactory returns to its shareholders due to the very small production number of cars and motorcycles. We were however very fortunate that the major shareholder Suzuki Motors of Japan agreed to waive certain major costs which allowed this entity to show a marginal profit of US$ 130,000 (Last year: US$ 38,274).

We will continue to hold our interest in these two companies in anticipation of long-term business potential in the future.

FMI Co., Ltd. အနေဖြင့် Myanmar Nissan Co., Ltd. ၏ ၁၀% ကိုလည်းကောင်း၊ Myanmar Suzuki Motor Co., Ltd. ၏ ၅% ကိုလည်းကောင်း ဆက်လက်ပိုင်ဆိုင်ထားပါသည်။ ထိုမော်တော်ယာဉ်လုပ်ငန်း ကုမ္ပဏီ (၂)ခုတွင် Myanmar Nissan Co., Ltd. သည် သွင်းကုန်လိုင်စင်မရရှိခြင်း နှင့် Myanmar Suzuki Motor Co., Ltd. သည် ထုတ်လုပ်မှုအရေအတွက် ကန့်သတ်ခံရခြင်းတို့ကြောင့် အခက်အခဲများကို ဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။

ယခုနှစ်တွင် Myanmar Nissan Co., Ltd. သည် အပိုပစ္စည်းများရောင်းချခြင်းနှင့် ပြုပြင်ရေးလုပ်ငန်းတို့ကို အဓိကထား၍ လုပ်ကိုင်ခဲ့ရာ အသားတင်အမြတ်ငွေ ကျပ် ၅,၀၂၃,၉၁၀ တိတိ ရရှိခဲ့ပါသည်။ (လွန်ခဲ့သောနှစ်က ကျပ် ၂၅,၄၈၉,၉၈၂ တိတိ။) သို့သော် လွန်ခဲ့သောနှစ်များ၏ အရှုံးလက်ကျန်များ ရှိနေသဖြင့် ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွက် အမြတ်ဝေစု မခွဲဝေရန် ဆုံးဖြတ်ခဲ့ပါသည်။

Myanmar Suzuki Motor Co., Ltd. သည် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ အရေအတွက် အနည်းငယ်သာထုတ်လုပ်ခွင့် ရရှိခြင်းကြောင့် ၎င်း၏ အစုရှယ်ယာရှင်များအား ကျေနပ်ဖွယ်ရလဒ်များ ပေးစွမ်းနိုင်ရန် ပိုမိုခက်ခဲသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ သို့သော် အဓိက အစုရှယ်ယာရှင်ဖြစ်သော ဂျပန်နိုင်ငံရှိ Suzuki Motors မှ အဓိကကုန်ကျစရိတ်များကို ပလပ်ပေးရန် သဘောတူညီခဲ့သည့်အတွက် ယခုနှစ်အတွက် အမြတ်ငွေ အမေရိကန် ဒေါ်လာ ၁၃၀,၀၀၀ တိတိ ရရှိခဲ့ပါသည်။ (လွန်ခဲ့သောနှစ် အမြတ်ငွေ အမေရိကန် ဒေါ်လာ ၃၈,၂၇၄ တိတိ ဖြစ်သည်။)

ရေရှည်အကျိုးစီးပွားကို မျှော်မှန်း၍ ကုမ္ပဏီ (၂) ခုတွင် FMI Co., Ltd. အနေဖြင့် ဆက်လက် ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။



# Wood Technology Industries Ltd.

Your Company continues to hold 76.7% shareholding of this Wood Products and Interior Decoration Company.

WTI currently has three production plants and a general workshop producing roof trusses under the Pryda Truss franchise, as well as doors, windows, interior fixtures, kitchen cabinets and a variety of wooden furniture under the WTI brand.



Home Improvement Centre (HIC), a division under WTI specialized in interior decoration works saw significant increase in its turnover and now has a paint division, masonry division and interior design & fitting division all working under a centralized project management department. HIC has made a name for itself by its high quality workmanship and innovative designs.

Overall, WTI's business expanded despite the difficult economic conditions last year. I am particularly glad to report that the year end result of WTI showed an impressive net profit of Ks. 309,383,792 (Last Year: Ks. 30,000,000). The Board of WTI has decided to declare a dividend of Ks. 100,000,000 of which your company received Ks. 76,700,000.







